ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ တို့အကြား
ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်
အခြားဆက်စပ်မှုခင်းများဆိုင်ရာ သတင်းအချက်အလက် ဖလှယ်ရေးတွင်
ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ

နှင့်

လာအိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို
ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ
အမျိုးသားအဆင့်ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၊
ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးရုံး

MFIU

ສຕຟລ AMLIO

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

# နှင့်

# လာအိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးရုံး တို့အကြား ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် အခြားဆက်စပ်မှုခင်းများဆိုင်ရာ သတင်းအချက်အလက် ဖလှယ်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (MFIU) နှင့် လာအိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးရုံး (AMLIO) (နောင်တွင် "အဖွဲ့အစည်း" သို့မဟုတ် "အဖွဲ့အစည်းများ" ဟု ညွှန်းဆိုမည်) တို့သည် အပြန်အလှန် အကျိုးစီးပွားတို့အတွက် ပူးပေါင်းဆောင်ရွက်ရန် စိတ်ဆန္ဒနှင့် နှစ်ဖက်သဘောတူညီမှုတို့အပေါ် အခြေခံ၍ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်နွယ်သည့်မှုခင်းများ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်သည့် သတင်းအချက်အလက် များဖလှယ်ရန် ဆောင်ရွက်ချက်များအား နိုင်ငံအလိုက် ပြဋ္ဌာန်းထားသော ဥပဒေမူဘောင်အတွင်းမှ ယင်းမှုခင်းများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရာတွင် အကူအညီ ဖြစ်စေရန်အတွက် ထောက်လှမ်းရေး သတင်းအချက်အလက်များ ဖလှယ်ရာတွင် လွယ်ကူချောမွေ့စေရန် စိတ်ဆန္ဒရှိကြပါသည်။

လက်မှတ်ရေးထိုးမည့် အဖွဲ့အစည်းများသည် အောက်ပါတို့ကို သဘောတူညီကြပါသည် -

၁။ နိုင်ငံအလိုက် ပြည်တွင်းဥပဒေများ၏ အာဏာသက်ရောက်မှုနှင့် ကျင့်သုံးဆောင်ရွက်လျက် ရှိသည့် ပြည်တွင်းမူဝါဒနှင့် အစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ရန်၊ အဖွဲ့အစည်းတစ်ရပ်သည် အခြား အဖွဲ့အစည်း၏ တောင်းဆိုချက်အရသော်လည်းကောင်း သို့မဟုတ် မိမိသဘော ဆန္ဒအလျောက်သော် လည်းကောင်း ငွေကြေးလွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်များအပါအဝင် ငွေကြေးခဝါချမှု၊ အကြမ်း ဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ၎င်းတို့နှင့် ပတ်သက်သည့် ဆောင်ရွက်မှုများနှင့်ပတ်သက်၍ သံသယ ဖြစ်ဖွယ် လွှဲပြောင်းမှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား ဖလှယ်ဆောင်ရွက်ကြ မည်ဖြစ်ပါသည်။ မည်သည့် သတင်းအချက်အလက် တောင်းခံမှုကိုမဆို တောင်းခံရသော ရည်ရွယ်ချက် ကို အကျဉ်းချုပ်ဖော်ပြပြီး စာဖြင့် ရေးသားပေးပို့တောင်းခံရမည်။

၂။ (က) အဖွဲ့အစည်းများသည် လက်ခံရရှိသည့် သတင်းအချက်အလက်များကို တောင်းဆိုချက်တွင် ဖော်ပြထားသော ရည်ရွယ်ချက်အတွက်သာ အသုံးပြုရမည် သို့မဟုတ် ထုတ်ဖော်ပြောဆိုရမည်ဖြစ်ပြီး တောင်းခံသော အဖွဲ့အစည်းသည် တောင်းခံလွှာတွင် သတ်မှတ်ဖော်ပြထားသည့် အဖွဲ့အစည်းများအတွက်သာ လက်ခံရရှိသည့် သတင်း အချက်အလက်ကို အသုံးပြုရမည် သို့မဟုတ် ထုတ်ဖော်ပြောဆိုရမည်။

(ခ) တောင်းဆိုသည့် အဖွဲ့အစည်းသည် သတင်းအချက်အလက်အား အသုံးပြုရာတွင် သို့မဟုတ် ထုတ်ဖော်ရာတွင် (အုပ်ချုပ်ရေး သို့မဟုတ် တရားစွဲဆိုရေးကိစ္စများ အပါအဝင်) သတင်းပေးပို့သည့်အဖွဲ့အစည်းထံ ရှေးဦးစွာ သဘောတူညီချက် တောင်းခံထားခြင်းမရှိဘဲ အပိုဒ် ၂(က) ပါအချက်များ ထက်ကျော်လွန်၍ အသုံးပြုခြင်းအား တားမြစ်သည်။

၃။ အဖွဲ့အစည်းများအကြား သတင်းဖလှယ်မှုများသည် စုံစမ်းထောက်လှမ်းရေး ပြုလုပ်ရန်အတွက်သာ အသုံးပြုရမည်ဖြစ်ပြီး မည်သည့်တရားရုံးတွင်မဆို သက်သေအဖြစ်အသုံးပြုခြင်း မပြုရ။

၄။ ဤနားလည်မှု စာချွန်လွှာအရ ရရှိထားသည့် သတင်းအချက်အလက်များသည် လျှို့ဝှက်အဆင့်အတန်းဖြစ်သည်။ သတင်းအချက်အလက်ဖလှယ်မှုသည် တရားဝင်လျှို့ဝှက်ထားရှိရေးနှင့် သက်ဆိုင်သည်။ ထို့အပြင် ယင်းတို့အား လက်ခံရရှိသည့်အဖွဲ့အစည်းသည် မိမိပြည်တွင်း အရင်းအမြစ်မှရရှိသည့် သတင်းအချက်အလက်များအတွက် ပြည်တွင်းဥပဒေများတွင် ပြဋ္ဌာန်းထားချက်များအတိုင်း ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရမည်။

၅။ အဖွဲ့အစည်းများသည် လက်ခံနိုင်သည့် ဆက်သွယ်ဆောင်ရွက်ခြင်း လုပ်ထုံးလုပ်နည်းများအတွက် မိမိတို့နိုင်ငံအသီးသီး၏ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တွဲဖက်စီစဉ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၆။ အဖွဲ့အစည်းများအကြား ဆက်သွယ်ဆောင်ရွက်ရာတွင် အင်္ဂလိပ်ဘာသာစကားကို အသုံးပြုမည်ဖြစ်ပါသည်။

၇။ (က) အဖွဲ့အစည်းတစ်ရပ်သည် အခြားအဖွဲ့အစည်းတစ်ရပ်ထံမှ လက်ခံရရှိသော သတင်းအချက်အလက်များကို ဥပဒေရေးရာလုပ်ငန်းစဉ် သို့မဟုတ် တရားစွဲဆိုခြင်း ကိစ္စများတွင် ထုတ်ဖော်ပြောဆိုရန်လိုအပ်ပါက အဆိုပါအဖွဲ့အစည်းသည် အခြားအဖွဲ့အစည်းထံသို့ အဆိုပါလုပ်ငန်းစဉ် သို့မဟုတ် တရားစွဲဆိုခြင်းကိစ္စ အား ချက်ချင်းအကြောင်းကြားရမည်။

(ခ) အပိုဒ် ၇ (က) တွင် ဖော်ပြထားသကဲ့သို့ သတင်းအချက်အလက်အား ထုတ်ဖော် ပြောဆိုရန် အခြားအဖွဲ့အစည်းတစ်ရပ်မှ ငြင်းဆိုသောကိစ္စရပ်များတွင် တောင်းဆိုသည့် အဖွဲ့အစည်းသည် အဆိုပါ သတင်းအချက်အလက်များကို တတိယအဖွဲ့အစည်းထံ မပေါက်ကြားစေရေး ထိုက်သင့်သည့် လုပ်ဆောင်ချက်တစ်ရပ်ကို ပြုလုပ်၍ သို့မဟုတ် ထုတ်ဖော်ပြောဆိုချက်အား သင့်လျော်သည့် တားမြစ်ချက်များချမှတ်၍ ဥပဒေရေးရာ လုပ်ငန်းစဉ် သို့မဟုတ် တရားစွဲဆိုခြင်းကိစ္စများကို ဆောင်ရွက်ရမည်။

၈။ အဖွဲ့အစည်းများသည် သတင်းထုတ်ပြန်မှု သို့မဟုတ် တောင်းဆိုသည့် စာရွက်စာတမ်းသည် တောင်းဆိုခြင်းခံရသည့် အဖွဲ့အစည်း၏နိုင်ငံအား အလွန်နစ်နာစေနိုင်သည် သို့မဟုတ် တောင်းဆိုခြင်း ခံရသည့် အဖွဲ့အစည်းများ၏နိုင်ငံတွင် စုံစမ်းစစ်ဆေးမှု သို့မဟုတ် စုံစမ်းထောက်လှမ်းမှု သို့မဟုတ် တရားစီရင်မှုများကို ကြန့်ကြာစေနိုင်သည်ဟု ဆုံးဖြတ်လျှင် (သို့တည်းမဟုတ်) အဆိုပါ သတင်း အချက်အလက် ဖော်ပြချက်သည် တောင်းဆိုခြင်းခံရသည့် အဖွဲ့အစည်း၏ အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ အမျိုးသားအကျိုးစီးပွား သို့မဟုတ် အခြားအရေးပါသည့် အကျိုးစီးပွားများကို ထိခိုက်စေ နိုင်လျှင် တောင်းဆိုသော သတင်းအချက်အလက်အား ပေးအပ်ရန်တာဝန်မရှိစေရ။ တောင်းဆိုခြင်း ခံရသည့် အဖွဲ့အစည်းတစ်ရပ်သည် တောင်းဆိုချက်အား ပြန်ကြားခြင်းမပြုရန် ဆုံးဖြတ်ပါက အဆိုပါဆုံးဖြတ်ချက်အား တောင်းဆိုထားသည့် အဖွဲ့အစည်းထံသို့ စာရေးသားအကြောင်းကြား ရမည်။

၉။ ဤနားလည်မှုစာချွန်လွှာနှင့်ပတ်သက်၍ ဘာသာပြန်ဆိုခြင်း၊ သတင်းအချက်အလက်တောင်းခံခြင်း သို့မဟုတ် အကောင်အထည်ဖော်ခြင်းစသည်တို့ ဆောင်ရွက်ရာတွင် အငြင်းပွားဖွယ်ကိစ္စများ ပေါ်ပေါက်ပါက နှစ်နိုင်ငံညှိနှိုင်းတိုင်ပင်၍ အခင်အမင်မပျက် ဖြေရှင်းဆောင်ရွက်ရမည်။

၁၀။ အဖွဲ့အစည်းများ၏ အပြန်အလှန် စာဖြင့်ရေးသား သဘောတူညီချက်ဖြင့် ဤနားလည်မှု စာချွန်လွှာအား မည်သည့်အချိန်တွင်မဆို ပြင်ဆင်နိုင်ပြီး အဆိုပါပြင်ဆင်ချက်သည် စာချွန်လွှာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်လာမည်။ အဆိုပါပြင်ဆင်ချက်သည် အဖွဲ့အစည်းများမှ စာရေးသား အကြောင်းကြားသည့်ရက်တွင် စတင်အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

၁၁။ ဤနားလည်မှုစာချွန်လွှာအား မည်သည့်အချိန်တွင်မဆို ရုပ်သိမ်းနိုင်သည်။ အခြားအဖွဲ့အစည်း တစ်ရပ်ထံမှ စာချုပ်ရုပ်ဆဲရန် အကြောင်းကြားစာ လက်ခံရရှိသည်နှင့် တပြိုင်နက် နားလည်မှုစာချွန်လွှာ ပြီးဆုံးမည်ဖြစ်ပါသည်။ ဤစာချုပ်ရုပ်စဲခြင်းမပြုမီ လက်ခံရရှိသော သတင်းအချက်အလက်များနှင့် ပတ်သက်၍ အပိုဒ် ၂ မှ ၅ အထိ နှင့် ၇ ပါ စကားရပ်များနှင့် အခြေအနေများအား ဤစာချုပ် ရုပ်စဲပြီး နောက်ပိုင်း ဆက်လက်ကျင့်သုံးဆောင်ရွက်ရမည်။

၁၂။ ဤနားလည်မှုစာချွန်လွှာသည် အဖွဲ့အစည်းများက လက်မှတ်ရေးထိုးသည့်နေ့တွင် စတင်အာဏာသက်ရောက်စေရမည်။

၁၃။ ဤနားလည်မှုစာချွန်လွှာသည် အဖွဲ့အစည်းများအကြား မည်သည့်ဥပဒေရေးရာ ဆက်နွယ်ပတ်သက်မှုကိုသော်လည်းကောင်း၊ ဥပဒေအရ ရပိုင်ခွင့် သို့မဟုတ် ဝတ္တရားကိုသော်လည်းကောင်း မရှိစေရ။

မှတ်ချက်။ ဤနားလည်မှုစာချွန်လွှာအား လာအိုဘာသာ၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုချက် အားလုံးသည် တရားဝင်ဖြစ်ပါသည်။ နားလည်မှုစာချွန်လွှာနှင့်ပတ်သက်၍ ဘာသာပြန်ဆိုမှု ကွဲလွဲချက်များပေါ်ပေါက်ပါက အင်္ဂလိပ်ဘာသာစကားသာ အတည်ဖြစ်သည်။

ရဲမှူးချုပ် ကျော်ဝင်းသိန်း
(၂၃ / ၇ / ၂၀၁၈)
အဖွဲ့ခေါင်းဆောင်
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Mme Phengsy PHENGMOUNG
(23 / 7 / 18)
အဖွဲ့ခေါင်းဆောင်
ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးရုံး
လာအိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ